MIFER

# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER Newsletter
No: 7, Vol: 2/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် (အင်္ဂါနေ့)

BRICS က "တရားမျှတပြီး ဟန်ချက်ညီသော" ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ပေးနေသည်ဟု အီရန်သမ္မတပြောကြား

စာမျက်နှာ ၆




စင်ကာပူ - ဩစတြေးလျဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု (၂.၀) အရ စင်ကာပူ-ဩစတြေးလျ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

စာမျက်နှာ ၁၂




ဒေသတွင်း စီးပွားရေးလမ်းကြောင်း ငါးခုကို ဆက်သွယ်ပေးမည့် ရနောင်းဆိပ်ကမ်း ဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်းစတင်

စာမျက်နှာ ၁၆



ရုရှားနှင့် ထိုင်းနိုင်ငံတို့ ဒီဂျစ်တယ် ယွမ်ပလက်ဖောင်းကို အသုံးပြု၍ ငွေပေးချေမှုဆိုင်ရာများ ဆောင်ရွက်နေ

စာမျက်နှာ ၂၀



# သတင်းများ


| | | |
|---|---|---|
| ပိုမိုခေတ်မီသော နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေး နည်းလမ်းများ လုပ်ဆောင်လာသည့် စာတိုက်ဝန်ဆောင်မှု လုပ်ငန်းများကြောင့် လာအို-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှုမြင့်တက်လာခြင်း | ဒေါ်ဝေဝေလွင် (UMO) | ၁ |
| အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆီးရီးယားနိုင်ငံ အပါအဝင် နောက်ထပ် ၇ နိုင်ငံနှင့် ပါလက်စတိုင်း လူမျိုးများအပေါ် ခရီးသွားဝင်ရောက်ခွင့် အပြီးအပိုင်ပိတ်ပင် | ဒေါ်မြတ်အိန္ဒြေခိုင် (UMO) | ၃ |
| အင်ဒိုနီးရှားအစိုးရသည် ဆူမားတြားရေကြီးမှုဒဏ်ခံရသော မိသားစုများအတွက် နေ့စဥ်နေထိုင်စရိတ်နှင့် လျော်ကြေးငွေများ စီစဥ်ပေး | ဒေါ်အိသက်ခိုင် (UMO) | ၅ |
| BRICS က “တရားမျှတပြီး ဟန်ချက်ညီသော” ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနေသည်ဟု အီရန်သမ္မတပြောကြား | ဒေါ်အိသက်ခိုင် (UMO) | ၆ |
| ထိုင်းဗဟိုဘဏ်သည် SME လုပ်ငန်းများအတွက် ချေးငွေအာမခံချက် အစီအမံအသစ်ကို စဉ်းစားနေ | ဒေါ်ဆုအိမ်သူ (UMO) | ၇ |
| စင်ကာပူနိုင်ငံနှင့် လက်တင်အမေရိက အုပ်စုအကြား ကုန်သွယ်ရေး သဘောတူစာချုပ်ကို ဘရာဇီးနိုင်ငံ လွှတ်တော်သို့ မကြာမီတင်ပြရန်ရှိ | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၉ |
| ကမ္ဘာ့ဘဏ် (World Bank) မှ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (Myanmar Economic Monitor-MEM) ကို ထုတ်ပြန်ခဲ့ | ဒေါ် ဖြိုးသိင်္ဂီ (FERD) | ၁၀ |
| စင်ကာပူ - ဩစတြေးလျ ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု (၂.၀) အရ စင်ကာပူ-ဩစတြေးလျ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၁၂ |

# သတင်းများ


| | | |
|---|---|---|
| လျှပ်စစ်ကား အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ရန်အစီအစဉ် အတွက် EU နှင့် ဆွေးနွေးမှုများ ပြန်လည်စတင်ကြောင်း တရုတ်ပြောကြား | ဒေါ်အေးအေးမိုး (DICA) | ၁၄ |
| ဒေသတွင်း စီးပွားရေးလမ်းကြောင်း ငါးခုကို ဆက်သွယ်ပေးမည့် ရနောင်းဆိပ်ကမ်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းစတင် | ဦးအောင်မြင်သန့် (FERD) | ၁၆ |
| အာဆီယံနိုင်ငံ ၃ နိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၃၆၀ ဆုံးရှုံး | ဒေါ်မေမြင့်မိုလ် (FERD) | ၁၈ |
| ရုရှားနှင့် ထိုင်းနိုင်ငံတို့ ဒီဂျစ်တယ် ယွမ်ပလက်ဖောင်းကို အသုံးပြု၍ ငွေပေးချေမှုဆိုင်ရာများ ဆောင်ရွက်နေ | ဒေါ်စန်းစန်းမာ (FERD) | ၂၀ |
| ဖိလစ်ပိုင်နိုင်ငံက တင်သွင်းမှု ပိတ်ပင်လိုက်ခြင်းကြောင့် ၂၀၂၅ ခုနှစ်အတွင်း ဗီယက်နမ်၏ ဆန်တင်ပို့မှု ၁၁.၅ % ကျဆင်းဖွယ်ရှိ | ဒေါ်သန်းသန်းစိုး (FERD) | ၂၂ |
| အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံအကြား ကုန်သွယ်ရေး သဘောတူညီချက် ရပ်စဲနိုင်ခြေရှိကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးကပြောကြား | ဒေါ် ယမင်းသော် (FERD) | ၂၃ |
| ဖူကူရှီးမား နျူကလီးယား စက်ရုံအပြီး ၁၅ နှစ်အကြာတွင် ကမ္ဘာ့အကြီးဆုံး နျူကလီးယား စက်ရုံကို ပြန်လည်စတင် | ဒေါ်ထက်ထက်ဝင်း (UMO) | ၂၅ |

# ပိုမိုခေတ်မီသော နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးနည်းလမ်းများ လုပ်ဆောင်လာသည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများကြောင့် လာအို-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှုမြင့်တက်လာခြင်း

ထိုင်းနှင့် လာအို နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် အရှိန်အဟုန်အသစ်ဖြင့် ၈.၈ % တိုးတက်ခဲ့ပြီး တန်ဖိုးအမေရိကန် ဒေါ်လာ ၇၃၈.၅ သန်း ရရှိခဲ့ကြောင်း၊ လာအို၏ လျင်မြန်စွာတိုးတက်လာသော အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးနှင့် တရုတ် - လာအို မြန်နှုန်းမြင့် ရထားလမ်းဖြင့် ကုန်စည်သယ်ယူမှုတို့ကြောင့် ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြား ထောက်ပံ့ သယ်ယူပို့ဆောင်ရေးသည် ပြောင်းလဲနေပြီး စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများ လိုက်ပါပြောင်းလဲရန်လိုကြောင်း၊ ယခုအခွင့်အရေးကို အသေးစားစီးပွားရေးလုပ်ငန်းများရရှိရန် စာတိုက်ဝန်ဆောင်မှု လုပ်ငန်းများက ကူညီပေးရမည်ဖြစ်ပြီး လာအိုစားသုံးသူများသည် အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ခြင်းနှင့် ပစ္စည်းရောက် ငွေပေးချေစနစ်ကို ပိုမိုအသုံးပြုကြကြောင်း ထိုင်း စာတိုက်လုပ်ငန်းဥက္ကဋ္ဌ (Thailand Post President ) Danun Supatpan က ပြောကြားခဲ့သည်။



ထိုင်း၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ အချက်အလက်များအရ ပြီးခဲ့သည့်နှစ် အတွင်း လာအို၌ အွန်လိုင်းငွေပေးချေမှုများ သိသိသာသာတိုးလာသဖြင့် စာတိုက်များက ငွေလွှဲကွန်ရက်များ အားကောင်းစေရန်နှင့် ငွေပေးချေမှုများကိုရိုးရှင်းစေရန် တွန်းအားပေးခဲ့ရကြောင်း၊ အဆိုပါ တိုးတက်မှုများသည် ထိုင်းနှင့်လာအိုနိုင်ငံတို့ကြားသာမက CLMV နိုင်ငံများအတွင်း ပိုမိုနက်ရှိုင်း သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် မရှိမဖြစ်အခြေခံအုတ်မြစ် ဖြစ်ကြောင်း Danun မှ ပြောကြားခဲ့သည်။

နှစ်နိုင်ငံ စာတိုက်လုပ်ငန်းများက ဒေသတွင်း၌ ဒီဂျစ်တယ်နှင့် မိုဘိုင်း ကုန်သွယ်မှုပတ်ဝန်းကျင် ပိုမိုအားကောင်းစေရန် လေကြောင်းနှင့် ကုန်းလမ်း ပို့ဆောင်ရေးနှစ်ခုစလုံးအတွက် လုံခြုံရေးစစ်ဆေးမှု တင်းကျပ်ခြင်း၊ နယ်စပ် တစ်လျှောက် အမြန်စာပို့လုပ်ငန်း (EMS) လွှမ်းခြုံမှုကို တိုးချဲ့ခြင်းနှင့် အကောက်ခွန် နှောင့်နှေးမှုများကို လျှော့ချရန် အီလက်ထရောနစ် ဒေတာစနစ်များ အသုံးပြုခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရန်စီမံခဲ့ကြပါသည်။

အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးဝန်ဆောင်မှုများ ပိုမိုအားကောင်းစေရန် တစ်ဦးချင်းရောင်းချသူများနှင့် SMEs များအနေဖြင့် ထိုင်း၊ လာအိုမှတစ်ဆင့် တရုတ်သို့ ကုန်ပစ္စည်းများအား နယ်စပ်ဖြတ်ကျော်ပါဆယ်ပေးပို့ရာတွင် အထူးသဖြင့် အသေးစား-ထုပ်ပိုးမှုနှင့် ပစ္စည်းရောက်ငွေချေ (COD) ဝန်ဆောင်မှုများ ပိုမိုလွယ်ကူစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ငွေကြေးဝန်ဆောင်မှုပိုင်းတွင် ထိုင်းစာတိုက်လုပ်ငန်းသည် ၎င်း၏ အီလက်ထရောနစ် ငွေချေစနစ် (e-payment systems)ကို အဆင့်မြှင့်တင်ပြီး အွန်လိုင်းငွေပေးချေမှုများအတွက် ယုံကြည်စိတ်ချရသော လမ်းကြောင်းများ ရရှိစေရန် Western Union နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စာတိုက်လုပ်ငန်းများသည် နှစ်နိုင်ငံဆက်ဆံရေး ကြာရှည်စေရန် တံဆိပ်ခေါင်းနှင့် အခြားသော ယဉ်ကျေးမှုကိစ္စများတွင်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးအစီအစဉ်များ ပူးတွဲဆောင်ရွက်ပြီး ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အသိပညာမျှဝေခြင်းနှင့် ဝန်ဆောင်မှုစံနှုန်းများ မြှင့်တင်ပေးပါသည်။

ထိုင်းစာတိုက်လုပ်ငန်းသည် နိုင်ငံတကာပါဆယ်ထုပ်များအား အချိန်နှင့်တစ်ပြေးညီ ခြေရာခံခြင်းအပါအဝင် အသေးစားလုပ်ငန်းများ ပို့ဆောင်ခ ပိုမိုတတ်နိုင်စေရန်အတွက် သင်္ဘောခနှုန်းထားများကို ပြန်လည်ပြင်ဆင်ခြင်း၊ ထိုင်း - လာအို -တရုတ်စကြံတစ်လျှောက်နှင့် ဥရောပဘက်သို့ ကုန်စည်များ ဆက်လက်ပို့ဆောင်နိုင်ရန် အဓိကနယ်စပ်နေရာများဖြစ်သော နွမ်ကိုင်(Nong Khai)နှင့် ကျန်ကောင် (Chiang Khong) စသည့်နေရာများတွင် ရုံးများဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

အဓိကရည်ရွယ်ချက်မှာ ရထားလမ်း၊ ကားလမ်းနှင့် လေကြောင်းတစ်လျှောက် နယ်စပ်ဖြတ်ကျော် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ချောမွေ့စွာဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်း ဒီဂျစ်တယ်စီးပွားရေးကို အထောက်အပံ့ဖြစ်စေပြီး SMEs လုပ်ငန်းများအနေဖြင့် ဒေသတွင်းဈေးကွက်များသို့ လွယ်ကူစွာ ဝင်ရောက်နိုင်ရေးဖြစ်ကြောင်း Danun မှ ပြောကြားခဲ့သည်။

Source: Lao-Thai Trade Climbs as Postal Services Move to Modernize Cross-Border Delivery - Laotian Times

ဒေါ်ဝေဝေလွင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆီးရီးယားနိုင်ငံအပါအဝင် နောက်ထပ် ၇ နိုင်ငံနှင့် ပါလက်စတိုင်း လူမျိုးများအပေါ် ခရီးသွားဝင်ရောက်ခွင့် အပြီးအပိုင်ပိတ်ပင်



အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် ဒီဇင်ဘာ ၁၆ ရက် (အင်္ဂါနေ့)တွင် အမေရိကန် နိုင်ငံသို့ ပြည်ပမှ ခရီးသွား ဝင်ရောက်ခွင့် ပိတ်ပင်မှုကို တိုးချဲ့လိုက်ပြီး ဆီးရီးယား နိုင်ငံအပါအဝင် နောက်ထပ် နိုင်ငံပေါင်း ၇နိုင်ငံမှ နိုင်ငံသားများနှင့် ပါလက် စတိုင်း အာဏာပိုင်အဖွဲ့ (Palestinian Authority) နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများကို အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့် အပြီးအပိုင် ပိတ်ပင်လိုက်သည်။

ယခုအခါ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရာတွင် နိုင်ငံသားဖြစ်မှုအပေါ် မူတည်၍ ကန့်သတ်ချက်များနှင့် ရင်ဆိုင်နေရသော နိုင်ငံပေါင်း ၄၀နီးပါး ရှိလာပြီ ဖြစ်ပြီး ထရမ့်က အနောက်နိုင်ငံများမှ ပုံမှန်ခရီးသွားလာမှုများ အတွက်လည်း စည်းမျဉ်းများကို ပိုမိုတင်းကျပ်ခဲ့သည်။

ယင်းလုပ်ဆောင်ချက်သည် လူဝင်မှုကြီးကြပ်ရေးကို အစဉ်တစိုက် ဆန့်ကျင် လာခဲ့သည့် ထရမ့်မှ လူဖြူမဟုတ်သော အမေရိကန်နိုင်ငံသားသစ်များကို အပြင်း အထန်ပြောဆိုပြီး လူအုပ်စုလိုက် ပြည်နှင်ဒဏ်ပေးရန် အမိန့်ထုတ်ပြန်သည့် အချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ အိမ်ဖြူတော်၏ ကြေညာချက်တွင်မူ အမေရိကန် ပြည်သူများကို ခြိမ်းခြောက်ရန် ရည်ရွယ်ချက်ရှိသည့် နိုင်ငံခြားသား များအား ပိတ်ပင်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ထရမ့်သည် အမေရိကန်နိုင်ငံ၏ ယဉ်ကျေးမှု၊ အစိုးရ၊ အဖွဲ့ အစည်းများ သို့မဟုတ် တည်ထောင်မှုဆိုင်ရာ အခြေခံမူဝါဒများကို ထိခိုက်စေမည့် သို့မဟုတ် မတည်မငြိမ်ဖြစ်စေမည့် နိုင်ငံခြားသားများအား အမေရိကန်နိုင်ငံတွင်းသို့ ဝင်ရောက်လာခြင်းမှ တားဆီးလိုကြောင်း အဆိုပါကြေညာချက်တွင်ပါရှိသည်။

ထရမ့်သည် ဆီးရီးယားနိုင်ငံကို နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သည့် ဘာရှာ အယ်လ်အာဆတ် ကျဆုံးပြီးနောက်တွင် ဆီးရီးယားနိုင်ငံအား နိုင်ငံတကာ အလယ်တွင် ပြန်လည်ထူထောင်ပေးခဲ့သော်လည်း စစ်ဘေးသင့်ချိန်အတွင်း အမေရိကန်စစ်သား

နှစ်ယောက်နှင့် အရပ်သားတစ်ယောက် အသတ်ခံရပြီး ရက်ပိုင်းအကြာတွင် ဆီးရီးယားနိုင်ငံသားများ ဝင်ရောက်ခွင့်ကို ယခုလို ပိတ်ပင်လိုက်ခြင်းဖြစ်သည်။ ဆီးရီးယားအာဏာပိုင်ဘက်မှ ယင်းလူသတ်မှုကို ကျူးလွန်သူသည် "အစွန်းရောက် အစ္စလာမ်မစ်ဝါဒ" ရှိနေသဖြင့် အလုပ်ထုတ်ရန် စာရင်းဝင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်နှင့် ဗြိတိန်အပါအဝင် အနောက်နိုင်ငံအချို့က ပါလက်စတိုင်းအား နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းကို ထရမ့်အစိုးရက ကန့်ကွက်ကာ အစ္စရေးနိုင်ငံ ဘက်မှ ခိုင်မာစွာရပ်တည်ခဲ့ပြီး ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ (Palestinian Authority) က ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများကို အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ခွင့်မပြုရန် အလွတ်သဘော ကြိုတင် တားမြစ်ထားပြီးဖြစ်သည်။

ခရီးသွားလာခွင့် အပြီးအပိုင်ပိတ်သိမ်းခံရသည့် အခြားနိုင်ငံများမှာ အာဖရိက၏ အဆင်းရဲဆုံးနိုင်ငံများဖြစ်သော ဘာကီးနာဖာဆို၊ မာလီ၊ နိုင်ဂျာ၊ ဆီယာရာလီယွန်နှင့် တောင်ဆူဒန်တို့အပြင် အရှေ့တောင်အာရှမှ လာအိုနိုင်ငံတို့ ဖြစ်သည်။

နောက်ထပ် အရေးယူမှုအနေဖြင့် ထရမ့်သည် လူဦးရေအများဆုံးဖြစ်သည့် နိုင်ဂျီးရီးယားနှင့် လာမည့်နှစ်တွင် အမေရိကန်နိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီသော နိုင်ငံများဖြစ်သည့် အိုင်ဗရီ ကို့စ်နှင့် ဆီနီဂေါတို့ အပါအဝင် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံသားတို့ကိုလည်း ခရီးသွား ဝင်ရောက်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်တစ်ချို့ ထုတ်ပြန်ခဲ့သည်။

ထရမ့်အစိုးရသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အားကစားသမားများအား နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့် ပေးမည်ဖြစ်ကြောင်း ကတိပြုထားသော်လည်း အမည် မည်းစာရင်းဝင်နိုင်ငံများမှ ဘောလုံးပရိသတ်များအတွက်မူ မည်သို့မျှကတိ ပေးထား ခြင်းမရှိပေ။

အမေရိကန်အစိုးရ၏ တစ်စိတ်တစ်ပိုင်း ပြည်ဝင်ခွင့် ကန့်သတ်ခြင်းခံရသည့် နိုင်ငံများစာရင်းတွင် အာဖရိကတိုက်ရှိ နိုင်ငံများနှင့် လူမည်းအများစုရှိရာ ကာရစ် ဘီယံဒေသမှ အန်ဂိုလာ၊ အန်တီဂွာနှင့် ဘာဘူဒါ၊ ဘီနင်၊ ဒိုမီနီကာ၊ ဂါဘွန်၊ ဂမ်ဘီယာ၊ မာလာဝီ၊ မော်ရီတေးနီးယား၊ တန်ဇန်းနီးယား၊ ဇမ်ဘီယာနှင့် ဇင်ဘာဘွေတို့ ဖြစ်ကြပြီး ပိုလီနီးရှားကျွန်းစုနိုင်ငံဖြစ်သည့် တုံဂါနိုင်ငံတို့လည်း ထပ်မံပါဝင်လာကြောင်း သိရသည်။

အထူးသဖြင့် အန်ဂိုလာ၊ ဆီနီဂေါနှင့် ဇမ်ဘီယာနိုင်ငံတို့သည် အာဖရိက တိုက်တွင် အမေရိကန်၏ ထင်ရှားသော မိတ်ဖက်နိုင်ငံများ ဖြစ်ကြသည့်အပြင် သမ္မတဟောင်း ဂျိုးဘိုင်ဒန်၏ လက်ထက်တွင် ၎င်းတို့၏ ဒီမိုကရေစီအပေါ် ခိုင်မာစွာ အားထုတ်ကြိုးပမ်းမှုကို အထူးတလည် ချီးကျူးဂုဏ်ပြုခြင်းခံခဲ့ရသည့် နိုင်ငံများလည်းဖြစ်ကြသည်။

Source: https://www.channelnewsasia.com/world/trump-us-travel-ban-countries-syria-palestine-5616451

ဒေါ်မြတ်အိန္ဒြေခိုင်
ဦးစီးအရာရှိ
ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## အင်ဒိုနီးရှားအစိုးရသည် ဆူမားတြားရေကြီးမှုဒဏ်ခံရသော မိသားစုများအတွက် နေ့စဉ်နေထိုင်စရိတ်နှင့် လျော်ကြေးငွေများ စီစဉ်ပေး

အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားကျွန်းတွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်က ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှု များကြောင့် နေ့စဉ် စားဝတ်နေရေးစရိတ်၊ ထောက်ပံ့ကူညီမှုနှင့် ပြည်နယ် ၃ ခုတွင် သေဆုံးသူ ၁၀၀၀ ကျော်ရှိခဲ့သည့် သဘာဝဘေးကြောင့် သေဆုံးသူများ၏ မိသားစုများအတွက် ရူပီယာ ၁၅ သန်း (အမေရိကန်ဒေါ်လာ ၈၉၆) အပါအဝင် အစိုးရမှ ထောက်ပံ့ပေးခဲ့ပါသည်။



ဒီဇင်ဘာလ ၁၈ ရက်အထိ လူပေါင်း ၁,၀၆၈ ဦး သေဆုံးခဲ့ပြီး ၁၉၀ ကျော် ပျောက်ဆုံးနေပြီး အာချေး၊ အနောက် ဆူမားတြားနှင့် မြောက်ဆူမားတြားတို့တွင် လူပေါင်း ၇၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။နေထိုင်သူ ၅၇၇,၆၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး အိမ်ခြေ ၁၄၇,၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီ (BNPB)မှ ပြောကြားခဲ့သည်။ အိုးမဲ့အိမ်မဲ့ ဒုက္ခသည်များ အတွက် နေ့စဉ်နေထိုင်စရိတ် အစီအစဉ်ကို အစိုးရက တွက်ချက်နေသည်ဟု အင်ဒိုနီးရှား လူမှုရေးဝန်ကြီး Saifullah Yusuf က ပြောကြားခဲ့သည်။

"ယာယီအိမ်ရာ သို့မဟုတ် အမြဲတမ်းအိမ်ရာများနှင့် မိသားစုတစ်ခုစီသည် သုံးလအတွက် ထောက်ပံ့ငွေရရှိမည်ဖြစ်ပြီး တစ်ဦးချင်းစီကို တစ်ရက်လျှင် ရူပီယာ ၁၀,၀၀၀ ကို ငွေကြေးထောက်ပံ့မည်" ဟု Saifullahမှ ပြောကြားခဲ့သည်။

Source: https://www.channelnewsasia.com/asia/indonesia-sumatra-flood- compensation-financial-aid-death-aceh-saifullah-yusuf-5646721

ဒေါ်အိသက်ခိုင်
ဦးစီးအရာရှိ
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## BRICS က "တရားမျှတပြီး ဟန်ချက်ညီသော" ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနေသည်ဟု အီရန်သမ္မတပြောကြား




အီရန်သမ္မတ မာဆွတ်ပီဇက်ရှ်ကီယန်က BRICSသည် ကမ္ဘာ့အဆင့် တွင် တရားမျှတပြီး ဟန်ချက်ညီသော ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံအုတ်မြစ်ချပေးနိုင်ကြောင်း ပြောကြားလိုက်သည်။ အီရန်သမ္မတရုံး ဝက်ဘ်ဆိုက်တွင်ထုတ်ပြန်ခဲ့သော ကြေညာချက်အရ ၎င်းသည် တီဟီရန်မြို့၌ အီသီယိုးပီးယား လွှတ်တော်ဥက္ကဋ္ဌ တီရှေးချာဖိုးနှင့် တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်နှင့် အီသီယိုးပီးယား နှစ်နိုင်ငံလုံးသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် BRICS ကို အပြန်အလှန်ဆက်သွယ်မှုများတိုးချဲ့ရန်၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ဆက်ဆံမှုများ နက်ရှိုင်းစေရန်နှင့် နိုင်ငံတကာစနစ်တွင် တစ်ဖက်သတ်ချဉ်းကပ်မှုများကို ရင်ဆိုင်ရန် ဘက်ပေါင်းစုံဆိုင်ရာ မူဘောင်တစ်ခုနှင့် အဖိုးတန်ပြီး မဟာဗျူဟာကျသော စီးပွားရေးပလက်ဖောင်းတစ်ခုအဖြစ် သမ္မတပီဇက်ရှ်ကီယန်က ပြောကြားသည်။

BIRCS သည် နိုင်ငံများ၏ အမျိုးသားအချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှုနှင့် မတူကွဲပြားသော ယဉ်ကျေးမှုများနှင့် လူ့ယဉ်ကျေးမှုများအတွက် အပြန်အလှန်လေးစားမှုအပေါ် အခြေခံသည့် ဆက်သွယ်မှုပုံစံသစ်ကို အထောက်အပံ့ဖြစ်စေသကဲ့သို့ ကမ္ဘာ့အဆင့်တွင် တရားမျှတပြီး ဟန်ချက်ညီသော ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံအုတ်မြစ်ကိုချထားပေးနိုင်ကြောင်း ၎င်းကပြောသည်။

ထို့အတူ အီရန်နိုင်ငံအနေဖြင့် စီးပွားရေး၊ သံတမန်ရေး၊ ယဉ်ကျေးမှုနှင့် လုံခြုံရေး နယ်ပယ်များတွင် အီသီယိုးပီးယားနှင့် ဆက်ဆံရေးတိုးချဲ့ရန် အသင့်ရှိကြောင်း အလေးအနက်ပြောကြားခဲ့သည်။

တစ်ဖက်တွင်လည်း လွှတ်တော်ဥက္ကဋ္ဌချာဖိုးက အီသီယိုးပီးယားသည် အီရန်နှင့် စီးပွားရေးဖလှယ်မှုများ တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံရင်းနှီးမြုပ်နှံမှုများ တိုးချဲ့ရန် ဆုံးဖြတ်ထားကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေခံများ ခိုင်မာစေရန်အတွက် ၎င်း၏ဖွံ့ဖြိုးရေးဘဏ်အသစ် အပါအဝင် BRICS ၏ ယန္တရားများကို ထိရောက်စွာ အသုံးချရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

Source: https://english.news.cn/list/latestnews.htm

ဒေါ်အိသက်ခိုင<br>ဦးစီးအရာရှိ<br>e-Government ဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး

---

## ထိုင်းဗဟိုဘဏ်သည် SME လုပ်ငန်းများအတွက် ချေးငွေအာမခံချက် အစီအမံအသစ်ကို စဉ်းစားနေ

ထိုင်းဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးအကျပ်အတည်း များကြားတွင် SME လုပ်ငန်းများအတွက် ချေးငွေများပိုမိုလွယ်ကူစွာရရှိရန် ချေးငွေအာမခံချက် အစီအမံအသစ်တစ်ခုကို စီစဉ်နေပါသည်။ ကုန်သွယ်ရေးစစ်ပွဲ၊ ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် အခြားသောစီးပွားရေး သတ်မှတ်ချက်များသည် ထိုင်းဘဏ္ဍာရေး ဈေးကွက်တွင် မရေရာမှုများကို ဖြစ်ပေါ်စေပြီး ချေးငွေအန္တရာယ်ကို ပိုမိုမြင့်မားစေသည်။ ထိုအချက်များသည် အသေးစားအလတ်စားလုပ်ငန်းများအတွက် ချေးငွေမူဝါဒကို တင်းကျပ်ရန် ဖိအားပေးခဲ့ပြီး ချေးငွေများရရှိရန် ပိုမိုခက်ခဲစေသည်။ **“SME လုပ်ငန်းများသည် ထိုင်းစီးပွားရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ကျွန်တော်တို့က ဦးစွာကူညီပေးရန် လိုအပ်ပါသည်”** ဟု ထိုင်းဘဏ်ဥက္ကဋ္ဌ Vitai

Ratanakorn က ဘန်ကောက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။



Source: Bank of Thailand

၂၀၂၂ ခုနှစ်တွင် SME လုပ်ငန်းများသည် နိုင်ငံ၏ပြည်တွင်း အသားတင်ထုတ်ကုန်၏ ၃၅% ခန့်နှင့် ညီမျှပြီး တစ်နိုင်ငံလုံးရှိ အလုပ်အကိုင်စုစုပေါင်း၏ ၇၁% ခန့်ရှိကြောင်း ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနဌာနမှ ထုတ်ပြန်ထားသည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ ကာလအတွင်း ထိုင်းနိုင်ငံ၏ GDP သည် ယခင်နှစ်ထက် ၁.၂% တိုးတက်ခဲ့သည်။ COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးပြင်းထန်စွာ ထိခိုက်ခဲ့ရသည့် ၂၀၂၁ ခုနှစ်နှောင်းပိုင်းတွင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။ ထိုင်းဗဟိုဘဏ်၏ အစီအစဉ်အရ နှစ်စဉ်စုစုပေါင်း အပ်ငွေ၏ ၀.၂၃% နှုန်းဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များထံမှ ကောက်ခံသည့် နိုင်ငံ၏ ငွေကြေးအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ဘတ်ငွေ ၁၀၀ ဘီလီယံ (ဒေါ်လာ ၃ ဘီလီယံ) ကို သီးသန့်ခွဲဝေပေးမည်ဖြစ်သည်။ SME လုပ်ငန်းများ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခဲ့ပါက နိုင်ငံ၏ ငွေကြေးအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ဘဏ်များသို့ ၂၀-၃၀% ပြန်လည်ပေးဆပ်ရမည်။ ချေးငွေများကို လုပ်ငန်းတစ်ခုလျှင် ဘတ်သန်း ၁၀၀ အထိ ကန့်သတ်ထားမည်ဖြစ်သည်။

ထိုင်းဘဏ်ဥက္ကဋ္ဌ Vitai Ratanakorn က အစားအသောက်လုပ်ငန်းများ၊ ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးလုပ်ငန်း၊ စက်ရုပ်နှင့် ဇီဝဓာတုပစ္စည်းများကဲ့သို့သော ဒီဂျစ်တယ်စီးပွားရေး၏ မောင်းနှင်အားကို မြှင့်တင်နိုင်ရမည်ဟု ထပ်လောင်းပြောကြားခဲ့သည်။ အဆိုပါ SME လုပ်ငန်းများအတွက် ချေးငွေအာမခံချက်အစီအမံအသစ်ကို လာမည့်နှစ်အစောပိုင်းတွင် အကောင်အထည်ဖော်နိုင်ရန်အတွက် ထိုင်းဗဟိုဘဏ်သည် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

Source: https://asia.nikkei.com/economy/thai-central-bank-mulls-over-new-credit-guarantee-measure-for-smes

ဒေါ်ဆုအိမ်သူ
ဒုတိယဦးစီးမှူး
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

# စင်ကာပူနိုင်ငံနှင့် လက်တင်အမေရိကအုပ်စုအကြား ကုန်သွယ်ရေး သဘောတူစာချုပ်ကို ဘရာဇီးနိုင်ငံလွှတ်တော်သို့ မကြာမီတင်ပြရန်ရှိ

၂၀၂၃ ခုနှစ်က စင်ကာပူနိုင်ငံနှင့် တောင်အမေရိက ၄ နိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ပါရာဂွေးနိုင်ငံ၊ ဥရုဂွေးနိုင်ငံတို့နှင့် ချုပ်ဆိုခဲ့သည့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ကို ဘရာဇီးနိုင်ငံ လွှတ်တော်သို့မကြာမီ အချိန်တွင် တင်ပြမည်ဖြစ်ပြီး အဆိုပါစာချုပ် အသက်ဝင်မည် ဖြစ်ကြောင်း ဘရာဇီးသမ္မတ Luiz Inacio Lula da Silva က ပြောကြားခဲ့ပါသည်။

အဆိုပါ ကုန်သွယ်မှုသဘောတူစာချုပ် အသက်ဝင်ပါက ကုန်စည်များ၏ ၂၅ ရာခိုင်နှုန်းမှာ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ကုန်သွယ်နိုင်မည်ဖြစ်ပြီး ၁၅ နှစ်အတွင်း ကုန်စည်များ၏ ၉၆ ရာခိုင်နှုန်းအပေါ် သွင်းကုန်အခွန်ကို တဖြည်းဖြည်း လျှော့ချသွားမည်ဖြစ်ပါသည်။

ဘရာဇီးသမ္မတ Luiz Inacio Lula da Silva က **"မိမိတို့အတွက် ကုန်သွယ်ရေးနှင့် အခြားအခွင့်အလမ်းများသည် စိုက်ပျိုးရေးအခြေပြုစီးပွားရေး၊ လေကြောင်းပျံသန်းမှု၊ ဇီဝလောင်စာဆီ စသည်တို့အပါအဝင် ကဏ္ဍများစွာကို လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံအနေဖြင့် စင်ကာပူနိုင်ငံနှင့် သဘောတူစာချုပ်အသစ်များ ချုပ်ဆိုနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများကို အမြဲကြိုဆိုကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမှာ ၁၀ နှစ်အတွင်း ၄ ဆတိုးတက်လာပြီး စင်ကာပူဒေါ်လာ ၁၁.၃ ဘီလီယံရှိကြောင်း၊ ကမ္ဘာ့တတိယအကြီးဆုံး လေယာဉ်တည်ဆောက်သော Embraer သည် စင်ကာပူနိုင်ငံအတွက် ခရီးသည်တင်လေယာဉ်များကို ရောင်းချခဲ့ကြောင်းနှင့် စင်ကာပူနိုင်ငံသို့ စစ်ဖက်သုံး ကုန်စည်တင်လေယာဉ်များကို ထောက်ပံ့ပေးနိုင်ကြောင်း၊ ဘရာဇီးနိုင်ငံသည် စင်ကာပူနိုင်ငံသို့ တိရစ္ဆာန်တင်ပို့မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း"** The Straits Times ၏ အီးမေးလ်ဖြင့် မေးမြန်းမှုတွင် ပြန်လည်ဖြေကြားခဲ့ပါသည်။




လွတ်လပ်သော ကုန်သွယ်မှု သဘောတူ စာချုပ်အရ စာချုပ်အသက်ဝင်မှု လုပ်ငန်းစဉ်ကို နှစ်နိုင်ငံအချင်းချင်းအကြား ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် ကျန်နိုင်ငံများကို စောင့်ဆိုင်းရန် မလိုအပ်ဘဲ စင်ကာပူနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့၏လွှတ်တော်များမှ အတည်ပြုပါက အဆိုပါနှစ်နိုင်ငံအကြား စာချုပ်မှာ အသက်ဝင်မည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံ၏ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနကလည်း စာချုပ်အသက်ဝင်မှု လုပ်ငန်းစဉ်ကို မကြာမီပြီးစီးရန် မျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။ ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ကုန်သွယ်မှုသဘောတူစာချုပ်မှာ ပါရာကွေးနိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့၏ သမ္မတများထံမှ ခွင့်ပြုချက်ရရှိထားပြီး တရားဝင်အမိန့်ကြော်ငြာစာကို စောင့်ဆိုင်းလျက်ရှိသည်ဟု နားလည်ထားကြောင်း ပြောကြားခဲ့ပါသည်။

Source: The Straits Times

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

**ကမ္ဘာ့ဘဏ် (World Bank) မှ မြန်မာ့စီးပွားရေး စောင်ကြည့်လေ့လာမှု အစီရင်ခံစာ (Myanmar Economic Monitor-MEM) ကို ထုတ်ပြန်ခဲ့**

ကမ္ဘာ့ဘဏ်(World Bank)၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကို ယခင်က ၂.၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းချက်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမ ၆ လ ပတ်အတွင်း စာစီးစွာ ပြန်လည်နာလန်ထူမှု လက္ခဏာများကြောင့် စုစုပေါင်း အမှန် ပြည်တွင်းထုတ်ကုန် ဂျီဒီပီကို ၂.၀ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားပြီး လျှော့ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် လျော့ဒဏ်ခံစားခဲ့ရသော ဒေသများအတွက် ပံ့ပိုးမှုများကို ဆက်လက်ထည့်သွင်းဆောင်ရွက်မည်ဆိုပါက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဂျီဒီပီသည် ၃ ရာခိုင်နှုန်းခန့်အထိ ရှိလာနိုင်ကြောင်း ဖော်ပြထားပါသည်။



ကမ္ဘာ့ဘဏ် (World Bank) မှ **"Surviving, not thriving"** အမည်ဖြင့် မြန်မာ့စီးပွားရေး စောင်ကြည့် လေ့လာမှု အစီရင်ခံစာ (Myanmar Economic Monitor-MEM) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် World Bank ၏ ဝက်ဘ်ဆိုက် စာမျက်နှာ၌ ထုတ်ပြန်ခဲ့ပါသည်။ အစီရင်ခံစာကို

World Bank ၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံဆိုင်ရာ ဒါရိုက်တာ Ms. Melinda Good ၏ လမ်းညွှန်မှုနှင့်အညီ အကြီးတန်းစီးပွားရေးပညာရှင်နှင့် အကြံပေး ၁၁ ယောက်တို့က ပြုစုထားပါသည်။

ယခုထုတ်ပြန်သည့် အစီရင်ခံစာကို **"ရှင်သန်နေရုံမျှသာ၊ ဖွံ့ဖြိုးတိုးတက်ခြင်း မဟုတ်"** ဟု အဓိပ္ပါယ်ရသည့် **"Surviving, not Thriving"** ဟူသော ခေါင်းစဉ်ဖြင့် ထုတ်ပြန်ထားပြီး ငလျင်နှင့် ပဋိပက္ခသက်ရောက်မှုများရှိသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေး အတန်အသင့် ပြန်လည်နာလန်ထူမှုလက္ခဏာများ တွေ့ရသည်ဟု ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလထုတ်အစီရင်ခံစာတွင် မြန်မာနိုင်ငံ စီးပွားရေး ကဏ္ဍ၌ စိန်ခေါ်မှုများ ရှိနေသော်လည်း ဘဏ်လုပ်ငန်းများအပေါ် ယုံကြည်မှုတိုးလာကြောင်း၊ ပြည်ပကုန်သွယ်မှုကဏ္ဍသည် ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပြည်ပမှ ငွေလွှဲပြောင်းမှုများကြောင့် အားကောင်းခဲ့ပြီး မြန်မာကျပ်ငွေ ခိုင်မာရေးကို အထောက်အကူပြု လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးကို ယခင်က ၂.၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းချက်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမ ၆ လ ပတ်အတွင်း စောစီးစွာ ပြန်လည်နာလန်ထူမှု လက္ခဏာများကြောင့် စုစုပေါင်း အမှန်ပြည်တွင်းထုတ်ကုန် ဂျီဒီပီကို ၂.၀ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားပြီး ငလျင်ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ငလျင်ဒဏ် ခံစားခဲ့ရသော ဒေသများအတွက် ပံ့ပိုးမှုများကို ဆက်လက်ထည့်သွင်း ဆောင်ရွက်မည်ဆိုပါက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဂျီဒီပီသည် ၃ ရာခိုင်နှုန်းခန့်အထိ ရှိလာနိုင်ကြောင်း စသည်ဖြင့် အပေါင်းလက္ခဏာဆောင်သည့် စိစစ်ချက်များ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

World Bank ၏ အစီရင်ခံစာကို ၁ နှစ်လျှင် နှစ်ကြိမ်ထုတ်ပြန်လေ့ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လထုတ် အစီရင်ခံစာနှင့် ဒီဇင်ဘာလထုတ် အစီရင်ခံစာတို့ကို နှိုင်းယှဉ်လေ့လာရာတွင် ဇွန်လထုတ် အစီရင်ခံစာ၌ **''မြန်မာနိုင်ငံတွင် ဆင့်ကဲဖြစ်ပေါ်နေသည့် အခက်အခဲများက အိမ်ထောင်စုများအတွက် ထွက်ပေါက်မဲ့စေပြီး ဆိုးရွားသည့် ဖိအားအောက်သို့ တွန်းပို့ သကဲ့သို့ ဖြစ်နေကြောင်းနှင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးရေး ရည်မှန်းချက်ကို ထိခိုက်လာနိုင်သည့်အန္တရာယ်"** ဟု ဖော်ပြခဲ့သော်လည်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလထုတ် အစီရင်ခံစာတွင် စိုက်ပျိုးမွေးမြူရေး စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းစဉ် အားကောင်းလာစေရန် ဆောင်ရွက်ပေးခြင်းက ကြံ့ကြံ့ခံနိုင်စွမ်းရှိရေးနှင့်အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးအတွက်အရေးကြီးကြောင်း၊

လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်၊ ကုန်စည်သိုလှောင်မှုနှင့် ကုန်စည်ထောက်ပံ့ပေးမှုဆိုင်ရာ အခြေခံအဆောက်အအုံများမှတစ်ဆင့် ခေတ်မီသော ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများရရှိအောင် ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ရန်ဟု အပြုသဘောဆောင်သည့် အကြံပြုချက်ကို ထည့်သွင်းဖော်ပြထားပါသည်။

Source: Myanmar Economic Monitor : Surviving, Not Thriving - Special focus on Myanmar's Agrifood Industry Resilience and Adaptability

ဒေါ်ဖြိုးသိဂ္ဂီ
လက်ထောက်ညွှန်ကြားရေးမှူး
ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

**စင်ကာပူ - ဩစတြေးလျဘက်စုံမဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု (၂.၀) အရ စင်ကာပူ-ဩစတြေးလျ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု**




ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့၌ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော (၁၀) ကြိမ်မြောက် စင်ကာပူ - ဩစတြေးလျ နှစ်စဉ်ခေါင်းဆောင်များ အစည်းအဝေး (10th Singapore-Australia Annual Leaders' Meeting) တွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ် Lawrence Wong နှင့် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် Anthony Albanese တို့က စင်ကာပူ - ဩစတြေးလျ ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု (၂.၀) (Singapore-Australia Comprehensive Strategic Partnership 2.0 - CSP 2.0) ကို ကြေညာခဲ့ပါသည်။ CSP 2.0 ၏ မဏ္ဍိုင် ၅ ခုအနက် ဒုတိယမဏ္ဍိုင်ဖြစ်သည့် စီးပွားရေးချိတ်ဆက်မှု (Connecting Our Economies)နှင့် တတိယ မဏ္ဍိုင်ဖြစ်သည့် ကာဗွန်ထုတ်လွှတ်မှုသုညသို့ ကူးပြောင်းခြင်း (Transitioning to Net Zero) တို့အောက်တွင် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်မှုဌာနတို့အကြား စီးပွားရေးကြံ့ခိုင်မှု ဆိုင်ရာ

နားလည်မှုစာချွန်လွှာ (MOU on Economic Resilience) ကို လက်မှတ်ရေးထိုး ခဲ့ပါသည်။ အဆိုပါနားလည်မှုစာချွန်လွှာအရ စီးပွားရေးကဏ္ဍ ခိုင်မာအားကောင်း စေရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် နှစ်နိုင်ငံအတွက် အရေးပါသည့် ကုန်စည်များကုန်သွယ်မှုပြုလုပ်ရန် စီစဉ်ညှိနှိုင်းခြင်း၊ အနာဂတ်တွင် ဥပဒေအရ စည်းနှောင်မှုရှိသည့် ကတိကဝတ်များ ဖော်ထုတ်ခြင်း စသည်တို့ကို ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ထို့အပြင် အဆင့်မြင့်အရာရှိကြီးများ အဆင့် ဩစတြေးလျ - စင်ကာပူ စီးပွားရေးကြံ့ကြံ့ခံနိုင်မှုဆိုင်ရာဆွေးနွေးပွဲများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အစိမ်းရောင်စီးပွားရေးနှင့် တီထွင်ဆန်းသစ်မှု ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU on Green Economy and Innovation Collaboration) ကို New South Wales ပြည်နယ်နှင့် ချုပ်ဆိုခဲ့ပြီး အစိမ်းရောင်စွမ်းအင် ဆန်းသစ်တီထွင်မှု၊ ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ fintech၊ ဆေးဘက်ဆိုင်ရာနည်းပညာ (medtech)၊ သန့်ရှင်းသောနည်းပညာ (cleantech)၊ ပို့ဆောင်ရေးနှင့် ရွှေ့လျားသွားလာရေးနည်းပညာ၊ ရေရှည်တည်တံ့မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုများစသည်တို့ကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စွမ်းအင်အသစ်နှင့် ဇီဝဆေးဝါးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ (MOU on New Energy and Biomedical Collaboration) အရ စွမ်းအင်အသစ်အတွက် ကမ်းလွန်လေအားလျှပ်စစ်၊ စွမ်းအင်သိုလှောင်မှု၊ ပြန်လည် ပြည့်ဖြိုးမြဲ ဟိုက်ဒရိုဂျင်၊ ဇီဝစွမ်းအင်၊ လေယာဉ်လောင်စာဆီနှင့် ကာဗွန်ထုတ်လွှတ်မှု သုညဖြစ်စေသည့် သယ်ယူပို့ဆောင်ရေး စသည်တို့ကို အလေးပေးဆောင်ရွက် မည်ဖြစ်ပြီး ဇီဝဆေးဝါးအနေဖြင့် လူနာ၏ မျိုးရိုးဗီဇ၊ ပတ်ဝန်းကျင်၊ နေထိုင်မှုပုံစံတို့ အပေါ်မူတည်၍ ရောဂါကာကွယ်ခြင်း၊ ကုသခြင်းကိုဦးတည်သည့် ဆေးဝါး ထုတ် လုပ်ခြင်း (precision medicine)၊ ဆေးဘက်ဆိုင်ရာနည်းပညာ၊ ဇီဝနည်းပညာနှင့် ဒီဂျစ်တယ် ကျန်းမာရေးစသည်တို့ကို အလေးပေး ဆောင်ရွက်မည်ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံနှင့် စင်ကာပူနိုင်ငံအကြား နယ်စပ်ဖြတ်ကျော် လျှပ်စစ် ဓာတ်အား ကုန်သွယ်ရေးမူဘောင် (Cross-Border Electricity Trade – CBET) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါမူဘောင်သည် ဒေသတွင်းရှိ CBET တွင် ပါဝင်သည့် အစိုးရများ၊ စီးပွားရေး လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အခြားပါဝင် ပတ်သက်သူများအတွက် ရှင်းလင်းပြီးခန့်မှန်းနိုင်သည့် စံနှုန်းများ၊ အကောင်းဆုံး အလေ့အကျင့်များနှင့်စပ်လျဉ်းသည့် ကိုးကားချက်တစ်ခုအဖြစ် ရည်ရွယ်ပါသည်။

စွမ်းအင်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာတာဝန်ခံဝန်ကြီး Dr. Tan See Leng က **“CSP 2.0 သည် နှစ်နိုင်ငံအတွက် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခု ဖြစ်ကြောင်း၊ စီးပွားရေး၊ ကုန်စည် ထောက်ပံ့ရေးကွင်းဆက်ကြံ့ခိုင်မှု၊ စွမ်းအင် ကူးပြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများသည် ကမ္ဘာ့စိန်ခေါ်မှုများကို ရင်ဆိုင်ရန်နှင့် ရေရှည်တည်တံ့ သည့် ဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းများ ရယူရန်အတွက် ကတိကဝတ်များကို ထင်ဟပ်စေကြောင်း၊ ဩစတြေးလျနိုင်ငံ၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း”** ပြောကြားခဲ့ပါသည်။

စင်ကာပူနိုင်ငံနှင့် ဩစတြေးလျနိုင်ငံ နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၂၄ ခုနှစ်တွင် စင်ကာပူ ဒေါ်လာ ၃၀.၃ ဘီလီယံရှိခဲ့ပြီး ဩစတြေးလျနိုင်ငံသည် စင်ကာပူနိုင်ငံ၏ ထိပ်ဆုံးကုန်သွယ်မှု မိတ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး စင်ကာပူနိုင်ငံသည် ဩစတြေးလျနိုင်ငံတွင် ဆဋ္ဌမမြောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သည့် နိုင်ငံ ဖြစ်ပါသည်။

Sourec: Ministry of Trade and Industry, Singapore

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့် ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## လျှပ်စစ်ကား အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ရန်အစီအစဉ်အတွက် EU နှင့် ဆွေးနွေးမှုများ ပြန်လည်စတင်ကြောင်း တရုတ်ပြောကြား

တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများအတွက် အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ရေး အစီအစဉ်နှင့် ပတ်သက်၍ ဥရောပသမဂ္ဂနှင့် ဆွေးနွေးမှုများကို ပြန်လည်စတင်ခဲ့ပြီး လာမည့်အပတ်အထိ ဆက်လက်ပြုလုပ်သွားမည်ဟု တရုတ်နိုင်ငံ ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီး ဥရောပသမဂ္ဂအနေဖြင့် ထုတ်လုပ်သူများနှင့် သီးခြားဆွေးနွေးခြင်း မပြုလုပ်ရန်လည်း ဒီဇင်ဘာ ၁၁ ရက် (ကြာသပတေးနေ့) တွင် တိုက်တွန်းခဲ့သည်။

အဖွဲ့ဝင် ၂၇ နိုင်ငံပါ မဟာမိတ်အဖွဲ့ ဥရောပကော်မရှင်က တရုတ်နိုင်ငံ၏ EV ထုတ်လုပ် သူများသည် မမျှတသော ထောက်ပံ့ကြေးများမှ အကျိုးအမြတ်

ရရှိနေပြီး ဥရောပတွင် ကားများလွန်ကျူးစွာ ထောက်ပံ့မှုဖြစ်စေနိုင်ခြင်း ရှိ မရှိကို စုံစမ်းစစ်ဆေးပြီးနောက် ၂၀၂၄ ခုနှစ်၊ အောက်တို ဘာလတွင် ၄၅.၃ ရာခိုင်နှုန်းအထိ အခွန်ကောက်ခံရန် အတည်ပြုခဲ့သည်။




တရုတ်နိုင်ငံက ၎င်း၏ ထုတ်လုပ်သူများသည် ဥရောပ လုပ်ဖော်ကိုင်ဖက် များထက် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း အခိုင်အမာပြောဆိုပြီး ပေကျင်းက ဘရပ်ဆဲလ်စ်အား အခွန်အကောက်များ အစား အနိမ့်ဆုံး ဈေးနှုန်း အစီအစဉ်ကို လက်ခံရန် တိုက်တွန်းလျက်ရှိသည်။ ဈေးနှုန်းစစ်ပွဲများနှင့် ငွေကြေးဖောင်းပွမှုကြောင့် ပြည်တွင်းတွင် အမြတ်အစွန်းများ ကျဆင်းလာခြင်းနှင့် ရင်ဆိုင်နေရသော တရုတ်ကားထုတ်လုပ်သူများအတွက် EU သည် အရေးပါသော ဈေးကွက်တစ်ခုဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။

**"တရုတ်နိုင်ငံသည် EU ၏ ဈေးနှုန်းညှိနှိုင်းမှုများ ပြန်လည်စတင်ရန် ကတိကဝတ်ကို ကြိုဆိုပြီး ဆွေးနွေးမှုများမှတစ်ဆင့် ကွဲပြားမှုများကို ဖြေရှင်းသည့် လမ်းကြောင်းသို့ ပြန်လည်ရောက်ရှိလာခြင်းအတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်"** ဟု တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ He Yadong က ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၎င်းက ယင်းဆွေးနွေးမှုများသည် မကြာသေးမီရက်များအတွင်း ဖြစ်ပွားခဲ့ပြီး နောက်အပတ်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခဲ့ခြင်းမရှိပေ။

ယခင်က EU ၏ အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ချက်များ သို့မဟုတ် ဈေးနှုန်းဆိုင်ရာ ကတိကဝတ်များသည် မော်တော်ကားများကဲ့သို့ ရှုပ်ထွေးသော ကုန်ထုတ်လုပ်ငန်းများအတွက်မဟုတ်ဘဲ တစ်သမတ်တည်းဖြစ်သော ကုန်စည်များ အတွက်သာ အကျိုးသက်ရောက်ခဲ့သည်။

ကော်မရှင်ကမူ ထောက်ပံ့ငွေများကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကို တန်ပြန်ရန် အနိမ့်ဆုံးဈေးနှုန်း တစ်ခုတည်းဖြင့် လုံလောက်မည်မဟုတ်ဟု

ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

Source: https://www.channelnewsasia.com/business/china-says-talks-eu-electric-vehicle-minimum-price-plan-resumed-5575996

ဒေါ်အေးအေးမိုး
ဒုတိယဦးစီးမှူး
မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ဒေသတွင်း စီးပွားရေးလမ်းကြောင်းငါးခုကို ဆက်သွယ်ပေးမည့် ရနောင်းဆိပ်ကမ်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းစတင်



ထိုင်းနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့သည် တရုတ်၊ လာအို၊ ထိုင်း၊ မြန်မာ နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ချိတ်ဆက် မှုများကို မြှင့်တင်ရန် ရနောင်း ဆိပ်ကမ်းတွင် ဘက်စုံသယ်ယူ ပို့ဆောင်ရေးစီမံကိန်းကို စတင်ခဲ့ကြောင်း၊ ယင်းစီမံကိန်း၏ ပထမဆုံးကုန်သင်္ဘောသည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ဦးတည်ခဲ့ကြောင်း၊ ၎င်းသည် တရုတ်၊ လာအို၊ ထိုင်း၊ မြန်မာနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများကို ချိတ်ဆက်ပေးမည်ဖြစ်ပြီး၊ ရနောင်းဆိပ်ကမ်းကို အန်ဒမန်ပင်လယ်၏ အဓိကရေကြောင်းကုန်သွယ်ရေး ဗဟိုချက်အဖြစ်ပြောင်းလဲရာတွင် အရေးပါသည့် ခြေလှမ်းတစ်ခုဖြစ်ပါသည်။

စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊ မီးရထားလမ်းနှင့် ပင်လယ်ရေကြောင်း ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ချိတ်ဆက်ပေးခြင်းဖြင့် အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့တွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ဖြစ်ပါသည်။ ထို့ပြင်ဒေသတွင်း စီးပွားရေး ပေါင်းစည်းမှုအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ခေတ်မီ၍ ရေရှည်တည်တံ့သော အခြေခံအဆောက်အဦတစ်ခု တည်ဆောက်ခြင်းဖြင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုပေးသူများ၊ သင်္ဘောလိုင်းများနှင့်

ရင်းနှီးမြှုပ်နှံသူများအကြား ယုံကြည်မှုကို မြှင့်တင်ရန်ရည်ရွယ်ပါသည်။

ရနောင်းဆိပ်ကမ်းသည် ထိုင်းနိုင်ငံ၊ အန်ဒမန်ပင်လယ် ကမ်းရိုးတန်းရှိ တစ်ခုတည်းသော အများပိုင်ဆိပ်ကမ်းဖြစ်ပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံများသို့ ဝင်ပေါက်အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဘက်စုံသယ်ယူပို့ဆောင်ရေး စနစ်ကို မိတ်ဆက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းအသစ်များကို ဖော်ဆောင်ပေးမည် ဖြစ်ပါသည်။ ထိုင်းဆိပ်ကမ်း အာဏာပိုင် အဖွဲ့သည် ရနောင်းဆိပ်ကမ်းကို ဒေသတွင်းနှင့် ကမ္ဘာ့လုံးဆိုင်ရာ စီးပွားရေးချိတ်ဆက်မှုများကို အထောက် အကူပြုမည့် ခေတ်မီ၍ ရေရှည်တည်တံ့သော ထောက်ပံ့ပို့ဆောင်ရေးဗဟိုချက်အဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားပါသည်။

ဘက်စုံသုံးလမ်းကြောင်းသစ်သည် ရန်ကုန် (မြန်မာ)၊ စစ်တကောင်း (ဘင်္ဂလားဒေ့ရှ်)၊ ချန်နိုင်း (အိန္ဒိယ)၊ ကိုလံဘို (သီရိလင်္ကာ) စသည့် ဆိပ်ကမ်းများသို့ ရေကြောင်း ပို့ဆောင်ချိန်ကို သိသိသာသာ လျှော့ချပေးပါသည်။ ယခင်က ၎င်းနေရာများသို့ ပို့ဆောင်ရာတွင် ၁၄ ရက်နေ့မှ ၂၁ ရက်နေ့ထိ ကြာမြင့်ခဲ့သောကြောင့် ၎င်းစနစ်အသစ်သည် ကုန်ကျစရိတ်များကို လျှော့ချရန်၊ လုပ်ငန်းလည်ပတ်မှု ပြောင်းလွယ်ပြင်လွယ်ရှိရေးနှင့် ထိုင်းနှင့် နိုင်ငံတကာမှ စီးပွားရေး လုပ်ငန်းများကို စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ရရှိစေမည်ဖြစ်ပါသည်။

၎င်းစီမံကိန်းကို Thai Transport Center Co., Ltd. မှ ပံ့ပိုးပေးထားပြီး၊ အဓိကမိတ်ဖက်များအဖြစ် SCG JWD Logistics Public Co., Ltd.၊ မြန်မာနိုင်ငံမှ Ever Flow River Group Public Co., Ltd. နှင့် SPT Smart Creation Co., Ltd တို့က ပူးပေါင်းဆောက်ရွက်လျက် ရှိပါသည်။ ၎င်းလမ်းကြောင်းသစ် စတင်မှုသည် အန်ဒမန်ပင်လယ်နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများတွင် ထိုင်းနိုင်ငံကို ဦးဆောင် ကုန်သွယ်ရေးဗဟိုချက်အဖြစ် တည်ဆောက်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်းကို ဖော်ပြနေပါသည်။

Source: https://commerce.gov.mm/my/article/update-news-international-trade/32768

ဦးအောင်မြင့်သန့်
ဒုတိယဦးစီးမှူး
အာရှနှင့် အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အာဆီယံနိုင်ငံ ၃ နိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၃၆၀ ဆုံးရှုံး

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း Senyar ကြောင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် သန်းပေါင်းများစွာသော ပြည်သူများကို ထိခိုက်စေခဲ့ပြီး ကြီးမားသောပျက်စီးဆုံးရှုံးမှုများနှင့် အနှောင့် အယှက်များ ဖြစ်ပေါ် စေခဲ့ကြောင်း Aon ၏ နောက်ဆုံးထွက် **"Weekly Cat Report"** တွင် ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ အစီရင်ခံစာတွင် ပါဝင်သော ငွေကြေးဆုံးရှုံးမှု ခန့်မှန်းချက်ကိုဖော်ပြထားပြီး "မုတ်သုံလေ၊ အပူစီးကူးခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းတို့၏ ပေါင်းစပ် အကျိုးသက်ရောက်မှုများနှင့် ရေကြီးရေလျှံ မှုကြောင့် ပျက်စီးဆုံးရှုံးမှုများသည် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၏ အဆိုအရ ထိုင်းနိုင်ငံတွင် စုစုပေါင်း စီးပွားရေးပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၃၆၀ မှ ၇၄၀ သန်းအထိ ခန့်မှန်း ထားပြီး ဟတ်ရိုင် တစ်ခုတည်းတွင် အမေရိကန်ဒေါ်လာ ၁၆ သန်း ရှိကြောင်း ဖော်ပြထားပါသည်။

ဒေသန္တရနှင့်ဗဟိုအစိုးရများသည် အရေးပေါ်ဘတ်ဂျက်များကို ထုတ်ပေးခဲ့ ကြပါသည်။ ဥပမာအားဖြင့် အယုဒ္ဓယသည် အမေရိကန်ဒေါ်လာ ၁ သန်းနီးပါး ရရှိခဲ့ ပါသည်။ မလေးရှားနှင့် အင်ဒိုနီးရှားတို့တွင် စီးပွားရေးအရ ဆုံးရှုံးမှုမှာ နည်းပါး မည်ဟု မျှော်လင့်ရသော်လည်း ဖြစ်ရပ်၏အတိုင်းအတာကို ထည့်သွင်းစဉ်းစားပါက အမေရိကန်ဒေါ်လာ သန်းဆယ်ဂဏန်းအထက် ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံ၏ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ချရေးဌာနမှ ထုတ်ပြန် သောအခြေအနေ အစီရင်ခံစာများစွာအရ ပြည်နယ် ၂၁ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ခရိုင် ၅၂ ခုနှင့် တောင်ပိုင်း တွင် ခရိုင် ၁၁၇ ခုထိ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားပါသည်။

တောင်ပိုင်းတစ်ခုတည်းတွင် အိမ်ထောင်စု ၁.၁ သန်းနီးပါး (လူဦးရေ ၂.၉ သန်း) ထိခိုက်ခဲ့ရပြီး အလယ်ပိုင်းနှင့် မြောက်ပိုင်း ပြည်နယ်များတွင် အိမ်ထောင်စု ၁၄၃,၀၀၀ ခန့်နှင့် လူဦးရေ ၅၀၀,၀၀၀ နီးပါး ထိခိုက်ခဲ့ရပါသည်။ ထပ်မံ ထိခိုက်ဆုံးရှုံးမှုများတွင်တံတားများပြတ်တောက်ခြင်းနှင့် လမ်းများပျက်စီးခြင်းကဲ့သို့ အခြေခံ အဆောက်အအုံများကိုများစွာ ပျက်စီးစေခဲ့ပါသည်။ ယခုအချိန်အထိ

သေဆုံးသူစုစုပေါင်း ၅၃ ဦးရှိပြီး ထိုင်းနိုင်ငံမြောက်ပိုင်းမှ ၂၈ ဦးနှင့် တောင်ပိုင်းပြည်နယ်များမှ ၂၅ ဦး ဖြစ်ပါသည်။



အိမ်နီးချင်း ထိုင်းနိုင်ငံလောက် မပြင်းထန် သော်လည်း မလေးရှား နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုသည် ပြည်နယ် ၁၀ ခုတွင် ဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၁၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ကီလန်တန်ပြည်နယ်သည် အဆိုးရွားဆုံး ထိခိုက်ခံခဲ့ရပြီး လူ ၉၆၄၂ ဦး ဘေးလွတ်ရာကို ရွှေ့ပြောင်းခဲ့ကြောင်းနှင့် ဒုတိယအများဆုံးသည် ပီရက် ပြည်နယ် (၄၃၀၀ ဦး)၊ ဆီလန်ဂေါပြည်နယ် (၂၉၀၀ ဦး) နှင့် ကဒါပြည်နယ် (၂၈၀၀ ဦး) တို့ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ယခုဖြစ်ရပ်ကြောင့် သယ်ယူပို့ဆောင်ရေး အနှောင့်အယှက်ဖြစ်ခဲ့ပြီး အထူးသဖြင့် ဆီလန်ဂေါ ပြည်နယ်တွင် ရေကြီးရေလျှံမှု လျှော့ချရေးစနစ်များ ပြိုလဲသွားခဲ့ကြောင်း ထိခိုက်ဒဏ်ရာရသူ ခန့်မှန်းခြေမှာ ယခုအချိန်ထိ တစ်ယောက်သာရှိကြောင်း ဖော်ပြထားပါသည်။

မလေးရှားနိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဘုတ်အဖွဲ့ (BNPB) မှ ထုတ်ပြန်သော အစီရင်ခံစာများအရ အာချေးပြည်နယ်တွင် အိမ်ခြေ ၂၄၀၀ ကျော်ပျက်စီးခဲ့ပြီး လမ်းများနှင့် လယ်ယာမြေများကို သိသာထင်ရှားသော နောက်ဆက်တွဲ ထိခိုက်မှုများရှိကြောင်း ဖော်ပြထားပါသည်။

အနောက်ဆူမာတြားပြည်နယ်၊ ပါဒန်ပါရီယာမန်တွင် အိမ်ခြေ ၃၀၀၀ ရေလွှမ်းမိုးခံခဲ့ရပြီး အာဂမ်ရီဂျင်စီတွင် အိမ်ခြေ ၂၁ လုံး၊ မြောက်ဆူမာတြားပြည်နယ်၊ အလယ်ပိုင်းတာပန်နူလီတွင် အိမ်ခြေ ၁၉၀၂ လုံး၊ မြောက်ပိုင်းတာပန်နူလီတွင် အိမ်ခြေအလုံး ၅၀ ပျက်စီးခဲ့ပါသည်။ အလယ်ပိုင်း ဂျာဗားပြည်နယ်ရှိ ကီဘူမန်တွင် ရေကြီးမှုကြောင့် အိမ်ခြေ ၂၂၀၀ ကို ခြိမ်းခြောက်နေပြီး အရှေ့ဂျာဗားပြည်နယ်ရှိ ပါဆူရူအန်တွင် နေအိမ်အများအပြား ရေလွှမ်းမိုးခံခဲ့ရပါသည်။

မီဒီယာအရင်းအမြစ်မှရရှိသော သတင်းအချက်အလက် များအရ ပျက်စီးဆုံးရှုံးမှု အတိအကျကို မဆုံးဖြတ်နိုင်သေးဘဲ သေဆုံးသူဦးရေနှင့်ပတ်သက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သောကြောင့်

စာရင်းအင်းများသည် ကွဲပြားသော်လည်း အစောပိုင်းခန့်မှန်းချက်များအရ ထိခိုက်ဒဏ်ရာရရှိသူ ၄၇ ဦး ရှိကြောင်း ဖော်ပြထားပါသည်။

Source: https://www.asiainsurancereview.com/News/View-NewsLetter-Article/id/93736/Type/eDaily/Floods-ravage-3-ASEAN-countries-causing-economic-losses-of-at-least-US-360m

ဒေါ်မေမြင့်ဖိုလ်
ဒုတိယညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ရုရှားနှင့် ထိုင်းနိုင်ငံတို့ ဒီဂျစ်တယ် ယွမ်ပလက်ဖောင်းကို အသုံးပြု၍ ငွေပေးချေမှုဆိုင်ရာများ ဆောင်ရွက်နေ

ရုရှားနှင့် ထိုင်းနိုင်ငံတို့သည် ဒီဂျစ်တယ်ယွမ်ကို အသုံးပြု၍ ငွေပေးချေမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံငွေပေးချေမှုဆိုင်ရာများကို ဖြေရှင်းနေကြောင်း၊ Chinese Renminbi Digital ပလက်ဖောင်းသည် ထိုင်းနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေပြီး တိုက်ရိုက်ချိတ်ဆက်ရန် ခက်ခဲသော်လည်း အေးဂျင့်များမှတစ်ဆင့် ဆောင်ရွက်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်ဆံရေးဆိုင်ရာ ရုရှားသမ္မတ၏ အထူးကိုယ်စားလှယ် Mr.Boris Titov က ရုရှား-ထိုင်း ရင်းနှီး မြှုပ်နှံမှုဖိုရမ်တွင် ပြောကြားခဲ့ပါသည်။



ရုရှား-ထိုင်း စီးပွားရေးဆက်ဆံမှု တိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၂ ဘီလီယံထိ ရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ပြီး ရုရှားမှ ထိုင်းသို့ ပို့ကုန် ၅၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ရုရှားရင်းနှီးမြှုပ်နှံသူ များသည် ထိုင်းစီးပွားရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၆-၇ ဘီလီယံခန့်ထိ ရင်းနှီးမြှုပ်နှံထားကြောင်း၊ ထိုင်းနိုင်ငံတွင် ရုရှားရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေများသည် ကန့်သတ်ချက်များရှိနေဆဲဖြစ်ပြီး

အဆိုပါ ကန့်သတ်ချက်များ ရုပ်သိမ်းလျှင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဆင်းလာနိုင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

လက်ရှိအခြေအနေအရ စိုက်ပျိုးရေးကဏ္ဍတွင် ကန့်သတ်ချက်အများဆုံး အစီအမံများရှိနေဆဲဖြစ်ပြီး ထိုင်း ဈေးကွက်သို့ ရုရှားအသားထုတ်ကုန်များ တင်ပို့ခြင်းနှင့် ရုရှားဈေးကွက်သို့ ထိုင်းရေထွက်ကုန် ပစ္စည်းတင်ပို့ခြင်းတို့ကို ထိခိုက်စေကြောင်း၊ ယင်းထုတ်ကုန်များကို လွတ်လပ်စွာစီမံပေးလျှင် သိသာထင် ရှားသည့် တိုးတက်မှုကို မြင်ရမည်ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုခဲ့ပါသည်။

၎င်းအပြင် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ရုရှားလူမျိုးများသည် ဗီယက်နမ် အပါအဝင် အခြားအရှေ့တောင် အာရှနိုင်ငံ များကိုလည်း လေ့လာနေကြပြီး ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ရုရှားခရီးသွား ဝင်ရောက်မှုသည် လူဦးရေ ၂ သန်းခန့်ထိ စံချိန်တင်မြင့်မားရန် မျှော်လင့်ရကြောင်း၊ ရုရှားကုမ္ပဏီများသည် ထိုင်းဟိုတယ်နှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုး တိုးတက်ရေးတွင် ပါဝင်နိုင်ကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့ပါသည်။

ရုရှားနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုပမာဏတွင် စက်မှုထုတ်ကုန် များ၏ ဝေစုသည် ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရှိရပါသည်။ စက်မှုအင်ဂျင် နီယာ ထုတ်ကုန်များ၊ ကုန်တွင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာများ၊ ရေယာဉ်များ၊ ဓာတ်အား ပေးစက်များ၊ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ IT ဖြေရှင်းချက်များနှင့် သတင်းအချက်အလက် လုံခြုံရေးထုတ်ကုန်များသည် ထိုင်းနိုင်ငံသို့ တိုးတက် တင်ပို့နိုင်သည့် အလားအလာရှိပါသည်။

ရုရှားနိုင်ငံသည် ထိုင်းနိုင်ငံသို့ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ သံနှင့် သံမဏိ၊ အလူမီနီယံ၊ ဂျုံ၊ ကျောက် မျက်ရတနာ၊ နို့နှင့် နို့ထွက်ပစ္စည်း၊ သတ္တုနှင့် ဆောက်လုပ်ရေးပစ္စည်းများကို အဓိကတင်ပို့ပြီး ထိုင်းနိုင်ငံမှ စက် ပစ္စည်းနှင့် အစိတ်အပိုင်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ တာယာ၊ စည်သွတ် သစ်သီးများ၊ စည်သွတ် ပင်လယ်စာ၊ ရော်ဘာ၊ ဆန်၊ ဟင်းခတ်အမွှေးအကြိုင်များ စသည်တို့ကို အဓိကတင်သွင်းကြောင်း သိရှိရပါသည်။

Source: https://myantrade.gov.mm/article/STP(Ygn)_08122025_11:56

ဒေါ်စန်းစန်းမာ
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ဖိလစ်ပိုင်နိုင်ငံက တင်သွင်းမှု ပိတ်ပင်လိုက်ခြင်းကြောင့် ၂၀၂၅ ခုနှစ်အတွင်း ဗီယက်နမ်၏ ဆန်တင်ပို့မှု ၁၁.၅ % ကျဆင်းဖွယ်ရှိ

ဗီယက်နမ်နိုင်ငံမှ ဖိလစ်ပိုင်သို့ ဆန်တင်ပို့မှု သိသိသာသာ ကျဆင်းသွားခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် ၁၁.၅ ရာခိုင်နှုန်း ကျဆင်းပြီး မက်ထရစ်တန်ချိန် ၈ သန်းခန့်သာ ရှိတော့မည်ဟု ဗီယက်နမ် စားနပ်ရိက္ခာအသင်း ဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။



ဗီယက်နမ် နိုင်ငံသည် အိန္ဒိယ နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် တတိယအများဆုံး ဆန်တင်ပို့သည့် နိုင်ငံဖြစ်ပြီး ၎င်း၏ အဓိကဈေးကွက်များမှာ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် အာဖရိကတို့ဖြစ်ပါသည်။

ဒေသခံလယ်သမားများကို ကာကွယ်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံက စက်တင်ဘာလတွင် ဆန်တင်သွင်းမှုကို ပိတ်ပင်ပြီးနောက် ဗီယက်နမ်အနေဖြင့် ၎င်း၏ အကြီးဆုံးဈေးကွက်ဖြစ်သော ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့မှုများ ရပ်တန့်သွားခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပိတ်ပင်မှုသည် ၂၀၂၅ ခုနှစ်ကုန်ထိ အကျုံးဝင်မည်ဖြစ်ပါသည်။ အဆိုပါ ပိတ်ပင်မှုကို နောက်ထပ်သက်တမ်း တိုးနိုင်ချေရှိကြောင်း ဗီယက်နမ် စားနပ်ရိက္ခာအသင်း ဥက္ကဋ္ဌဒိုဟာနမ်က ပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ် ပထမ ၁၀ လ အတွင်း ၁၈.၅ ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၂.၉၆ သန်းသာ ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ အကောက်ခွန်အချက်အလက်များအရ သိရှိရပါသည်။

ကမ္ဘာလုံးဆိုင်ရာ ဆန်ဝယ်လိုအားသည် အားကောင်းနေဆဲဖြစ်ပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် အရည်အသွေးမြင့် ဆန်ထုတ်လုပ်မှုကို အဓိကထား ဆောင်ရွက်နေကြောင်းနှင့် အခြားဈေးကွက်များသို့ တင်ပို့မှုတိုးမြှင့်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌဒိုဟာနမ်က ပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် ရေရှည်တွင် ဆန်တင်ပို့မှုကို လျှော့ချနိုင်ရန်နှင့် ဈေးကွက်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် မြေယာကိုအသုံးပြု၍ အခြားသီးနှံများစိုက်ပျိုးသွားရန် အစီအစဉ်များရှိကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ စပါးကျီဖြစ်သော မဲခေါင်ဒေသတွင်ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကြောင့် လယ်သမားအချို့သည် ပုစွန်မွေးမြူရေးနှင့် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးခဲ့ကြပါသည်။

Source: https://www.bangkokpost.com/business/general/3148600/vietnam-2025-rice-exports-seen-falling-115-on-philippines-import-ban

ဒေါ်သန်းသန်းစိုး
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက် ရပ်စဲနိုင်ခြေရှိကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးကပြောကြား



အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်နှင့် ချုပ်ဆိုခဲ့သော ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်သည့် ကတိကဝတ်များကို ပြန်လည်ညှိနှိုင်းလိုသောကြောင့် အဆိုပါ ကုန်သွယ်ရေးသဘောတူညီချက်သည် ရပ်စဲနိုင်ခြေရှိသည်ဟု အမေရိကန်နိုင်ငံမှ တာဝန်ရှိသူတစ်ဦးသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့က ပြောကြားခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ပြောကြားခဲ့သည့် သဘောတူညီချက်အပေါ် ငြင်းဆန်နေကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက မေးခွန်းထုတ်လာသည့် ကတိကဝတ်များနှင့် ပတ်သက်၍ အသေးစိတ် ပြောကြားခဲ့ခြင်းမရှိပါ။

အမေရိကန်နိုင်ငံသည် အင်ဒိုနီးရှားထုတ်ကုန်များအပေါ် အခွန်စည်းကြပ်မှုကို ၃၂ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းသို့ လျှော့ချပေးမည်ဖြစ်ကြောင်းနှင့် အင်ဒိုနီးရှားနိုင်ငံမှလည်း အမေရိကန်ကုမ္ပဏီများ ရင်ဆိုင်နေရသော အကောက်ခွန်မဟုတ်သော အတားအဆီးအားလုံးကို ဖျက်သိမ်းရန်နှင့် အမေရိကန်ကုန်ပစ္စည်း ၉၉ ရာခိုင်နှုန်း

အပေါ် စည်းကြပ်ခွန်များ ဖယ်ရှားပေးရန် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် သဘောတူညီခဲ့ကြပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါ ကုန်သွယ်ရေးသဘောတူညီချက်သည် အမေရိကန်မှ မော်တော်ယာဉ် ထုတ်လုပ်သူများ၊ နည်းပညာ ကုမ္ပဏီများ၊ အလုပ်သမားများ၊ လယ်သမားများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများအတွက် ကြီးမားသောရလဒ်တစ်ခုဖြစ်ကြောင်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်က ပြောကြားခဲ့ပါသည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံမှ တာဝန်ရှိသူများက အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် Jamieson Greer အား အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် စည်းနှောင်မှုရှိသော ကတိကဝတ်အချို့ကို သဘောမတူကြောင်းနှင့် အဆိုပါကတိကဝတ်များအား ပြန်လည်ပြင်ဆင်လိုကြောင်း ပြောကြားခဲ့သည်ဟု အမေရိကန်နိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ဆိုထားပါသည်။

အင်ဒိုနီးရှားနှင့် အမေရိကန်အကြား ကုန်သွယ်ရေးသဘောတူညီချက်သည် မကြာသေးမီက အရှေ့တောင်အာရှ နိုင်ငံများဖြစ်သည့် မလေးရှား၊ ကမ္ဘောဒီးယား တို့နှင့် ချုပ်ဆိုထားသည့် သဘောတူညီချက်များထက် ပိုမိုဆိုးရွားသည့် သဘော တူညီချက်များ ဖြစ်ပေါ်လာလိမ့်မည်ဟု အမေရိကန် တာဝန်ရှိသူများက ယုံကြည် ထားကြောင်း ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့က ထုတ်ဝေသည့် Financial Times တွင် ရေးသားဖော်ပြခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်နိုင်ငံမှ စက်မှုနှင့် စိုက်ပျိုးရေး ပို့ကုန် များအပေါ် အကောက်ခွန်မဟုတ်သော အတားအဆီးများ ဖယ်ရှားရန်နှင့် ဒီဂျစ်တယ် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို အရေးယူဆောင်ရွက်ရန် ကတိကဝတ်များ အပေါ် ပျက်ကွက်လျက်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ရေးသားဖော်ပြခဲ့ပါသည်။ အဆိုပါကိစ္စရပ်အပေါ် အမေရိကန်နိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ်က တုံ့ပြန်ဖြေကြားထားခြင်း မရှိခဲ့ပါ။

ပြီးခဲ့သည့်သီတင်းပတ်က New York Times Dealbook ပွဲ၌ အမေရိကန် ဘဏ္ဍာရေးဝန်ကြီး Scott Bessent က အင်ဒိုနီးရှား သည် အမေရိကန်နိုင်ငံနှင့် ၎င်းနိုင်ငံတို့အကြား ကုန်သွယ်ရေးသဘောတူညီချက်တွင် အနည်းငယ် တင်းမာ လာခဲ့ကြောင်း ပြောကြားခဲ့သော်လည်း အသေးစိတ်ပြောကြားခဲ့ခြင်း မရှိခဲ့ပါ။ အင်ဒိုနီးရှားနိုင်ငံနှင့် ဆန့်ကျင်ဘက်အားဖြင့် မလေးရှားနိုင်ငံသည် အမေရိကန် နိုင်ငံအတွက် ကောင်းမွန်သော ကုန်သွယ်ဖက်နိုင်ငံဖြစ်လာပြီး စည်းကြပ်ခွန်များကို

များစွာ လျှော့ချထားသောကြောင့် အမေရိကန်နှင့် ၎င်းနိုင်ငံအကြား ကုန်သွယ်မှုသည် ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပါသည်။

Source: https://www.thejakartapost.com/business/2025/12/10/us-trade-deal-with-indonesia-at-risk-of-collapse-us-official-says.html

ဒေါ် ယမင်းသော်
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

**ဖူကူရှီးမား နျူကလီးယား စက်ရုံအပြီး ၁၅ နှစ်အကြာတွင် ကမ္ဘာ့အကြီးဆုံး နျူကလီးယား စက်ရုံကို ပြန်လည်စတင်**

ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံ ဘေးအန္တရာယ် ဖြစ်ပွားပြီး ၁၅ နှစ်နီးပါးအကြာတွင် နျူကလီးယား စွမ်းအင်သို့ ပြန်လည်ဝင်ရောက်လာခြင်း၏ အရေးပါသော အခိုက်အတန့်တစ်ခုအနေဖြင့် ကမ္ဘာ့အကြီးဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံကို ပြန်လည်လည်ပတ်ခွင့်ပြုရန် ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဒေသတွင်း မဲပေးမှုဖြင့် ပြန်လည်စတင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်တွင် ပြင်းထန်သော ငလျင်နှင့် ဆူနာမီကြောင့် ဂျပန်နိုင်ငံရှိ ဖူကူရှီးမား ဒိုင်အီချီ နျူကလီးယား ဓာတ်အားပေးစက်ရုံရှိ အအေးပေးစနစ်များ ပျက်သွားပြီးနောက် ပြင်းထန်သော နျူကလီးယား မတော်တဆမှုတစ်ခု ကြုံတွေ့ခဲ့ရပြီး ဓာတ်ပေါင်းဖိုများ အရည်ပျော်ကျခြင်း၊ ဓာတ်ရောင်ခြည် ယိုစိမ့်ခြင်းများဖြစ်ပေါ်ခဲ့၍ နီဂါတာဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ တိုကျိုမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၂၀ (၁၃၆ မိုင်) အကွာတွင် တည်ရှိသော ကာရှီဝါဆာကီ-ကာရီဝ ဓာတ်ပေါင်းဖို (Kashiwazaki-Kariwa) သည်လည်း ဖူကူရှီးမား ဒိုင်အီချီ စက်ရုံနောက်ပိုင်း ပိတ်ထားသော ဓာတ်ပေါင်းဖို ၅၄ ခုတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ အများပြည်သူပိုင်ရုပ်သံ NHK က Tokyo Electric Power Company - TEPCO သည် ဇန်နဝါရီ ၂၀ ရက်နေ့တွင် စက်ရုံရှိ ဓာတ်ပေါင်းဖို ခုနစ်ခုအနက် ပထမဆုံးဓာတ်ပေါင်းဖိုကို ပြန်လည်လည်ပတ်ရန် စဉ်းစားနေကြောင်း ဖော်ပြခဲ့သည်။

ကာရှီဝါဆာကီ-ကာရီဝ ဓာတ်ပေါင်းဖို၏ စုစုပေါင်းစွမ်းရည်မှာ ၈.၂ GW ရှိပြီး အိမ်ခြေသန်းအနည်းငယ်ကိုသာ လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်ခဲ့သည်။

လာမည့်နှစ်တွင် ယင်းဓာတ်ပေါင်းဖိုသည် ၁.၃၆ GW တစ်ခုကို ပြန်လည် လည်ပတ်မည်။ ၂၀၃၀ ပြည့်နှစ် ဝန်းကျင်တွင် ၁.၃၆ GW စွမ်းရည်ဖြင့် နောက်ထပ် ဓာတ်ပေါင်းဖိုတစ်ခုကို စတင်မည်ဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ပြင်းထန်သောငလျင်နှင့် ဆူနာမီကြောင့် ဖူကူရှီးမား ဒိုင်အီချီ နျူကလီးယား ဓာတ်အားပေးစက်ရုံ၏ အအေးပေးစနစ်များ ပျက်သွားပြီး နောက် ပြင်းထန်သောနျူကလီးယား မတော်တဆမှုတစ်ခုဖြစ်ခဲ့သည်။

TEPCO သည် နီဂါတာဒေသခံများ၏ ထောက်ခံမှုကိုရရှိရန် ကြိုးပမ်းရင်း လာမည့် ၁၀ နှစ်အတွင်း ယန်း ဘီလီယံ ၁၀၀ (ဒေါ်လာ ၆၄၁ သန်း) ရင်နှီးမြှုပ်နှံရန် ကတိပြုခဲ့သည်။ သို့သော် အောက်တိုဘာလတွင် နီဂါတာစီရင်စုမှ ထုတ်ပြန်ခဲ့သော စစ်တမ်းတစ်ခုအရ ဒေသခံ ၆၀ ရာခိုင်နှုန်းခန့်က စီမံကိန်းပြန်လည်စတင်ရန် ဖြစ်နိုင်ချေမရှိကြောင်း ထင်မြင်ခဲ့ကြပြီး ၇၀ ရာခိုင်နှုန်း နီးပါးခန့်သည် TEPCO ၏ စက်ရုံလည်ပတ်မှုအပေါ် စိုးရိမ်ပူပန်ခဲ့ကြသည်။

လွန်ခဲ့သော နှစ်လက ဝန်ကြီးချုပ် ရာထူးတာဝန်ယူခဲ့သော Sanae Takaichi သည် စွမ်းအင်လုံခြုံရေးကို အားကောင်းစေရန်နှင့် ဂျပန်နိုင်ငံသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်း မှ ၇၀ ရာခိုင်နှုန်း အထိရှိသော ပြည်ပမှ တင်သွင်း လာသော ရုပ်ကြွင်းလောင်စာများ၏ ကုန်ကျစရိတ်ကို တန်ပြန်ရန်အတွက် နျူကလီးယားပြန်လည်စတင်မှုများကို ထောက်ခံခဲ့သည်။

ဂျပန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က အရည်ပျော်သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတင်သွင်းမှုအတွက် ယန်း ၁၀.၇ ထရီလီယံ (ဒေါ်လာ ၆၈ ဘီလီယံ) သုံးစွဲခဲ့ပြီး ၎င်း၏ စုစုပေါင်းတင်သွင်းမှုကုန်ကျစရိတ်၏ ဆယ်ပုံတစ်ပုံဖြစ်သည်။ လူဦးရေ လျော့နည်းလာသော်လည်း ဂျပန်နိုင်ငံသည် စွမ်းအင်ကို အလွန်အမင်း သုံးစွဲသော AI ဒေတာစင်တာများ တိုးတက်လာခြင်းကြောင့် လာမည့်ဆယ်စုနှစ် အတွင်း စွမ်းအင်လိုအပ်ချက် မြင့်တက်လာမည်ဟု မျှော်လင့်ထားသည်။

ထိုလိုအပ်ချက်များနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး ကတိကဝတ် များကို ဖြည့်ဆည်းရန်အတွက် ၂၀၄၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၏ လျှပ်စစ် ဓာတ်အား ရောနှောမှုတွင် နျူကလီးယားစွမ်းအင်၏ ဝေစုကို ၂၀ ရာခိုင်နှုန်း အထိ နှစ်ဆတိုးမြှင့်ရန် ပစ်မှတ်ထားခဲ့သည်။

ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ် ဖူကူရှီးမား ဘေးအန္တရာယ်အပြီးတွင် နျူကလီးယား ဓာတ်ပေါင်းဖို အားလုံးကိုရပ်ဆိုင်း ထားပြီးနောက် နျူကလီးယား




စွမ်းအင်သို့ ပြန်လည်ဦးတည်ရာတွင် ကာရှီဝါဇာကီ-ကာရီဝါ နျူကလီးယား ဓာတ်အားပေး စက်ရုံကို ယခုအခါ ပြန်လည်စတင်ရန် ကြိုးပမ်းမှုကို ဒေသခံပြည်သူ အများအပြားက စိုးရိမ်နေကြပြီး နီဂါတာတွင် ဒေသတွင်း မဲပေးသည့် နေ့၌ပင် လူပေါင်း ၃၀၀ ခန့်သည် အဆိုပါအစီအစဉ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

Source: https://www. reuters.com/ sustainability/boards -policy-regulation/japan-prepares-restart-worlds-biggest-nuclear-plant-15-years-after-fukushima-2025-12-21/

ဒေါ်ထက်ထက်ဝင်း
အငယ်တန်းစာရေး
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။

www.mifer.gov.mm